# Bibliographic Data

| | | | | |
|---|---|---|---|---|
| **Author** | ဇော်ဂျီ | Zawgyi | Jo‘ gyi¯ | **Art.** ZG0001 |
| **Article Title** | ပုဂံခေတ် ပန်းချီသဘော<br>Nature of Painting in Bagan<br>Pugam khet‘ pan‘" khyi sa bho‘ | | | |
| **Title (Book/Serial)** | ဆရာဇော်ဂျီ စာပေါင်းချုပ် ပထမတွဲ<br>Collected Works of Saya Zawgyi, Vol.1 | | | |
| **Issue and Volume** | | | | |
| **Edition** | | | | |
| **Place/ Publisher** | Union of Myanmar Literary and Journalist Organization | | | |
| **Distributor** | | | | |
| **Ed. Date** | 1993 | | | |
| **Pagination** | p. 3 - 8 | | | |
| **Annotation** | Painting in Bagan developed because the kings and wungyi valued and rewarded the painters. Buddhism developed in Bagan and Buddhist art stimulated the development of Bagan painting. | | | |
| **Subject Terms** | Paintings - Myanmar - Bagan period | | | |
| **Key Words** | Art<br>Pagan | | | |

# ပုဂံခေတ် ပန်းချီသဘော

ပုဂံခေတ် ပန်းချီ သဘောကို ပုဂံမြို့ဟောင်း ဂူဘုရားအချို့၏နံရံများရှိ ကြွင်းကျန်သေးသောပန်းချီပုံများ၌ မြင်နိုင်သေးလေသည်။ ထိုပန်းချီပုံများကို လွန်ခဲ့သောအနှစ်လေးဆယ်လောက်မှစ၍ မြန်မာနိုင်ငံကမ္ဘည်းကျောက်စာဌာနမှ စက္ကူပေါ်တွင် ခေတ်သုံး ဆေးရောင်ဖြင့် ပုံတူ ကူးယူ၍ သိမ်း ဆည်း ထားလေသည်။ ကူးယူထားသမျှသော ပန်းချီပုံများအနက် အချို့ကို ၁၉၅၁-ခုနှစ် မေလအတွင်း မြန်မာနိုင်ငံဗဟိုပန်းချီကော်မတီကကြီးမှူးကျင်းပသော ပန်းချီပြပွဲ၌တင်ပြခဲ့လေ သည်။ ထိုပန်းချီပုံများသည် အများအားဖြင့် ကျန်စစ်သားမင်းလက်ထက်၌ ရေးဆွဲသည် ဟု ဆိုသော အပါယ်ရတနာဘုရား၊ ဂူပြောက်ကြီးဘုရား၊ ပုထိုးသမျှားဘုရားတို့ မှ လည်း ကောင်း၊ ကျန်စစ် သား မင်း နောက် ဆက်ခံသောမင်းများလက်ထက်၌ ရေးဆွဲသည်ဟု ဆိုသော ဘုရားသုံးဆူဘုရား၊ နန္ဒမည ဘုရားတို့မှလည်းကောင်းဖြစ်လေသည်။ သက္ကရာဇ်အလိုအားဖြင့် မြန်မာသက္ကရာဇ် လေးရာကျော်မှ ငါးရာကျော်ခေတ်အတွင်း ရေးဆွဲသောပန်းချီပုံများဖြစ်သည်ဟု ဆိုရာသည်။

ယခုခေတ်တွင် မြန်မာနိုင်ငံ၌ ပန်းချီဆရာတို့သည် အများအားဖြင့် ရှုမျှော်ခင်း အမျိုးမျိုးကိုလည်းကောင်း၊ လူပုံတူ အမျိုးမျိုးကိုလည်းကောင်း၊ သက်မဲ့ဝတ္ထုအမျိုးမျိုးကို လည်းကောင်း ရေးဆွဲတတ်ကြသည်ကို သိမြင်နိုင်သည်။ စက္ကူပေါ်တွင် ရေဆေးဖြင့် လည်းကောင်း၊ ဆီဆေးဖြင့်လည်းကောင်း ရေဆွဲတတ်ကြသည်ကို သိမြင်နိုင်သည်။ အနီးအဝေးပြနည်း၊ အလင်းအမှောင်နည်း၊ ဆေးအနုအရင့်နည်းတို့ဖြင့် ရေးဆွဲတတ်ကြသည်ကို သိမြင်နိုင်သည်။ ဤသဘော ဤနည်းတို့သည် မြန်မာသက္ကရာဇ် ၁၁၀၀ ကျော် (၁၈ရာစု) လောက်မှ စ၍ ဥရောပတွင် ခေတ်စား ထွန်းကားခဲ့သည်ဟု ဆိုသည်။ ဤသဘောဤနည်းတို့ကို မြန်မာနိုင်ငံတွင် ယခုခေတ် ပန်းချီ ဆရာ များသည် လွန်ခဲ့သော အနှစ်လေးငါးဆယ်လောက်မှ စ၍ သုံးစွဲ လာကြသည်ဟု ဆိုအပ်လေသည်။ ဥပမာ ပါမောက္ခ မစ္စတာ ဝါ့ဒ်၊ မစ္စတာ ကင့်(ချ)တို့သည် မျိုးစေ့ ချပေးသော အနေနှင့် ဤသဘောဤနည်းတို့ကို သုံး၍ မြန်မာနိုင်ငံတွင် ပန်းချီဆွဲကြသည်။ ထို့နောက် ဦးဘဉာဏ်၊ ဦးဘဇော် တို့ကို ဘိလပ်သို့ပို့၍ ဤသဘော ဤနည်းတို့ကို သင်ယူစေသည်။ ထိုအခါမှစ၍ ဤသဘော ဤနည်းတို့သည် မြန်မာနိုင်ငံ ပန်းချီအရာတွင် ယခုသိမြင်ရသည့်အတိုင်း ဖြစ်ထွန်းနေသည်မှာ အထင်အရှား ဖြစ်လေသည်။

ပုဂံခေတ်ပန်းချီတွင် အထက်ပါနှောင်းခေတ် ဥရောပသဘော၊ ဥရောပနည်းတို့ကို မမြင်နိုင်ချေ။ သို့ရာတွင် နှောင်းခေတ် ဥရောပသဘော၊ ဥရောပနည်းတို့ကို မသိ

သေးခင် မြန်မာနိုင်ငံ၌ စဉ်လာ မပျက်ထွန်းကားခဲ့သော ပန်းချီသည် ပုဂံခေတ်ပန်းချီ၌ အခြေစိုက်ခဲ့သည်ဟူ၍ကားကေန်ဆိုနိုင်လေသည်။ တစ်ဖန်ပုဂံခေတ် ပန်းချီဆိုသည်မှာလည်း ပုဂံခေတ်တွင် ပုဂံမြေမှသယံဇာတဖြစ်ပေါ်လာသည်မဟုတ်။ ရှေးအိန္ဒိယနိုင်ငံ မဇ္ဈိမဒေသမှ ပန်းချီမျိုးစေ့ရောက်လာ၍ ပုဂံမြေတွင် စိုက်ပျိုးသဖြင့် သီးပွင့်လာသော ပန်းချီဟူ၍သာဆိုအပ်လေသည်။ ယခုခေတ်တွင် ဥရောပမှနှောင်းခေတ် ဥရောပပန်းချီမျိုးစေ့ရောက်လာ၍ ရန်ကုန်မြေတွင်စိုက်ပျိုးသဖြင့်လက်ရှိပန်းချီဖြစ်ပေါ်လာဘိသကဲ့သို့ ဖြစ်သည်ဟုဆိုသင့်လေသည်။ မြန်မာနိုင်ငံရှိပန်းချီသည်ပထမအကြိမ် ပုဂံခေတ်တွင် အိန္ဒိယပန်းချီမျိုးစေ့မှ ပွားသော ပန်းချီ ဖြစ်၍ ဒုတိယအကြိမ် ယခုခေတ်တွင် နှောင်း ခေတ်ဥရောပ ပန်းချီမျိုးစေ့မှ ပွားသော ပန်းချီဖြစ်သည်ဟုဆိုရာသည်။

ရှေး အိန္ဒိယ ပန်းချီတွင် ရှေးအကျဆုံးအထင်အရှားကျန်ခဲ့သော ပန်းချီသည် လွန်ခဲ့သောနှစ်ပေါင်းနှစ်ထောင်နီးပါးလောက်ကစ၍ အိန္ဒိယ အလယ်ပိုင်းရှိ အဇန္တဂူကျောင်းနံရံတို့၌ရေးဆွဲခဲ့သော ဗုဒ္ဓဘာသာဆိုင်ရာ ပန်းချီပုံများဖြစ်လေသည်။ အဇန္တပန်းချီဆရာတို့သည် ဗုဒ္ဓဝင်ထွက် အခန်းခန်းများကိုလည်းကောင်း၊ ဇာတ် နိပါတ်များကို လည်းကောင်း၊ မဟာယနဆိုင်ရာဗောဓိသတ္တဘုရားလောင်း၊ နတ်သားပုံတို့ကိုလည်းကောင်း ရေးဆွဲတတ်ကြရာ ပန်းချီပညာသည် ထိုခေတ်ထိုအခါကဗုဒ္ဓဘာသာဆိုင်ရာ ရတနာသုံးပါး ကြည်ညိုမှုကိုသာအဓိက ထားသည်ဟု ဆိုသင့် လေသည်။ ဤသဘောသည် ရှေး အိန္ဒိယ ပန်းချီ၏သဘောပင် ဖြစ်လေသည်။ ဤသဘောကိုအဇန္တပန်းချီဆရာတို့သည် မျဉ်းရေး၊ ဆေးခြယ်နည်းဖြင့် ပေါ်အောင် ဖော်နိုင်ကြလေသည်၊ ဘုရား၏ဂုဏ်တော်နှင့်တကွ ဘုရားနှစ်ဉ်ဘဝများစွာ သံသရာကအဖြစ်အပျက်တို့သည်ထိုအဇန္တပန်းချီဆရာတို့၏စိတ်များတွင် ကြည်ညိုစရာ၊ နှစ်သက်စရာ၊ လွမ်းစရာ၊ အံ့သြစရာ ဖြစ်လာကြရ လေသည်။ ဤ မျဉ်း ရေး ဆေး ခြယ် နည်း သည် ရှေးအိန္ဒိယပန်းချီနည်းပင်ဖြစ်လေသည်။

တိဗက် လူမျိုး တရာနာထဆိုသောပုဂ္ဂိုလ်သည် ၁၇ ရာစုနှစ်တွင်ဗုဒ္ဓသာသနာသမိုင်း တစ်စောင်ကို ရေး ခဲ့ လေ သည်။ ထိုပုဂ္ဂိုလ်၏ အလိုအားဖြင့် အထက်ပါရှေးအိန္ဒိယပန်းချီသဘော၊ ပန်းချီနည်းတို့သည် ၆ ရာ စု နှစ် မှ စ၍ ရှေး ဘင်္ဂလားမြောက်ပိုင်းပါလတိုင်းသို့ လည်းကောင်း၊ ရှေးကသ္မီယပြည်သို့ လည်းကောင်း၊ ရှေးနီပေါပြည်သို့ လည်း ကောင်း၊ အိန္ဒိယတောင်ပိုင်းသို့လည်းကောင်း၊ မြန်မာပြည်သို့ လည်းကောင်း ရောက်သည်ဟု အဆိုရှိလေသည်။မြန်မာပြည်သို့ရောက်သည် ဟုယူဆ အပ်သော ရှေးအိန္ဒိယပန်းချီသည်ပုဂံခေတ်၌ ထွန်းကားခဲ့သော ပန်းချီပင်ဖြစ်တန်ရာသည်ဟု ယူဆ အပ်လေသည်။

ရှေး အိန္ဒိယ တွင် ပန်း ချီ ပ ညာ နှင့်စပ်လျဉ်း၍ သိပ္ပသျှတ္တရကျမ်းဟူ၍ လည်းကောင်း၊ ဗိဿနုဓမ္မောတရ ကျမ်း ဟူ ၍လည်း ကောင်း၊ ဆ တ္တ င် ကျမ်း ဟူ ၍လည်း ကောင်း ရှိ ခဲ့ လေ သည်။ ဆတ္တအလိုအားဖြင့် ပန်းချီအင်္ဂါ ခြောက်ပါးအကြောင်းကို ရေးခဲ့လေသည်၊ ထိုခြောက်ပါးကား အချုပ်အားဖြင့် (၁) ရူပဗေဒခေါ် ရုပ်သဏ္ဌာန်တို့၏သဘောကို ခွဲခြားသိမြင်တတ်ခြင်း (၂) ပမာဏခေါ် ထိုရုပ်သဏ္ဌာန်တို့၏ အချိုးအစားအဆစ်အပိုင်းကို သိမြင်တတ်ခြင်း (၃) ဘာဝခေါ် စိတ်၌ ခံစားမှုရှိခြင်း (၄) လာဝညယောဇန်ခေါ် တင့်တယ်ဖွယ်ရာဖြစ်အောင် တန်ဆာဆင်တတ်ခြင်း (၅) သဒိသျံခေါ် တူအောင် ပြုတတ်ခြင်း (၆) ဝဏ္ဏိကာဘင်္ဂ

ခေါ် စုတ်ဆေးတို့ကို သုံးတတ်ခြင်း ဟူ၍ ရှိသည်ဟု ဆိုလေသည်၊ ထို ပန်းချီကျမ်းတို့ကို ပုဂံခေတ်ပန်းချီဆရာတို့ လေ့လာမှတ်သားခြင်း ရှိခဲ့တန်ရာသည်ဟု ယူအပ်လေသည်၊

ပုဂံခေတ်ပန်းချီဆရာတို့သည် ယခုခေတ် ပန်းချီဆရာများကဲ့သို့ မိမိတို့ ရေးဆွဲသော ပန်းချီကား၌ မိမိတို့၏အမည်ထည့်ခြင်း မရှိခဲ့သဖြင့် မည်သူမည်ဝါ ဟူ၍ မသိနိုင် ဖြစ်လေသည်။ သို့ရာတွင် ပန်းချီဆရာများတွင် အချို့လည်း အိန္ဒိယ တိုင်းသား၊ အချို့လည်း မွန်၊ အချို့လည်း ပျူ၊ အချို့လည်းမြန်မာဖြစ်တန်ရာသည်။အိန္ဒိယတိုင်းသား ပန်းချီ ပညာရှင် များသည် လက်ဦးဆရာ ဖြစ်သင့်လေသည်။ ထိုဆရာများထံမှ ပုဂံသားတို့က သင်ယူ တတ်မြောက် ကြသည်ဟု ယူလျှင် ရနိုင်လေသည်။ ထိုပန်းချီဆရာတို့သည် အိန္ဒိယနိုင်ငံမှာ ကဲ့သို့ပင် ပန်းချီအုပ်စုဖွဲ့၍ အုပ်စုအလိုက် ပန်းချီပညာဖြင့် အသက်မွေးကြဟန် တူလေသည်၊ တစ်ခါတစ်ရံ ပန်းချီဆရာများသည်ပင်လျှင် ဘုရားတည်ခြင်းအတတ်၊ ပန်းတမော့၊ ပန်းတော့အတတ်တို့ကို တတ်မြောက်ကြသူများ ဖြစ်သည်ဟု ဆိုလေသည်၊ ပန်းချီအုပ်စုတွင် ဝါရင့်သော ပန်းချီဆရာများက အရေးပါ အရာရောက်သော အရုပ်များကို ရေးခြယ်တတ်၍ ဝါနုသော ပန်းချီဆရာများက သေးဖွဲ့သောအရုပ်များကို ရေးခြယ်တတ်သည်ဟုလည်း အဆိုရှိလေသည်။ ပုဂံခေတ်ပန်းချီဆရာတို့သည် ကျောက်စာအလိုအရ ပန်းချီခအဖြစ်ဖြင့် တစ်ခါတစ်ရံ ငွေကြေးကို ရကြသည်၊ တစ်ခါတစ်ရံ ဆင်မြင်းကို ရကြသည်၊ တစ်ခါတစ်ရံ အဝတ်ပုဆိုးဖျင်တို့ကို ရကြလေသည်၊ ဤနည်းဖြင့် ပုဂံခေတ် ပန်းချီဆရာတို့သည် အသစ်အသစ် တည်ကြသော ဂူဘုရားများတွင် ပန်းချီထည့်လိုသော ဘုရား ဒါယကာဒါယိကာမတို့၏ အလိုအတိုင်း၊ ဗုဒ္ဓဝင်ထွက် အခန်းခန်းကို လည်းကောင်း၊ နှစ်သက်ရာ နိပါတ်ဇာတ် တို့ကိုလည်းကောင်း ရေးဆွဲကြရသည်ဟု ယူဖွယ်ရှိလေသည်။

ပုဂံခေတ် ပန်းချီဆရာတို့သည် အိန္ဒိယမှာ ကဲ့သို့ပင် မိမိ ရေးဆွဲရမည့် အရုပ်ကို ဂူဘုရားအတွင်း နံရံ အင်္ဂတေသား အပေါ်တွင် ရေးဆွဲကြရလေသည်။ အိန္ဒိယတွင် မြေစေး၊ နွားချေး၊ ကျောက်မှုန့်တို့ကို တေ၍ ပန်းချီရေးမည့် နံရံတွင် သုတ်လိမ်းရသည်ဟု ဆိုသည်၊ တစ်ဖန် ထိုအပေါ်တွင် အင်္ဂတေပါးပါး သုတ်လိမ်း၍ အင်္ဂတေမခြောက်ခင် လိုရာအရုပ်ကို ရေးခြယ်ရသည်ဟု ဆိုလေသည်၊ ရှေးဦးစွာ ပုံကြမ်းကို ဆေးနီဖြင့်ဖြစ်စေ၊ ဆေးနက်ဖြင့်ဖြစ်စေ၊ တစ်ခါတစ်ရံ မီးသွေးချောင်းဖြင့် ဖြစ်စေ ရေးဆွဲပြီးလျှင် မလိုသည်ကိုဖျက်၍ လိုသည်ကိုဖြည့်ကာ အချောကိုင်ရသည်ဟု ဆိုလေသည်။ အင်္ဂတေမခြောက်ခင် လိုရာအခန်းကို အပြီးရေးဆွဲရသည် ဖြစ်သောကြောင့် တစ် ကြောင်းဆွဲမျဉ်းဖြင့် အလျင် အမြန် ရေးဆွဲရသည်ဟု ဆိုလေသည်။ ထို့နောက် ရေဖြင့် ဖျော်ထားသော ပန်းချီဆေးတို့ကို လိုရာတွင် ခြယ်သည်ဟုဆိုလေသည်။ ပုဂံခေတ် ပန်းချီဆရာတို့သည်လည်း ဤနည်းအတိုင်းလိုလိုပင်၊ မိမိတို့၏ပန်းချီရေးဆွဲခြင်းကိစ္စကို ပြီးစီးစေရသည်ဟု ယူဆရာသည်။

ဆေးရောင်တို့မှာ အဖြူကို မြေဖြူမှ၊ အနက်ကို ရေနံမှိုင်း၊ ဆီမှိုင်းမှ၊ အဝါကို မြေဝါဆေးဒန်းတို့မှ၊ အနီကို မြေနီဟင်္သပြဒါး ငွေ့နီတို့မှ၊ အပြာကို မဲနယ်မှ၊ အစိမ်းကို ဒုတ္တာစိမ်းမှ ဖော်စပ်ကြသည်ဟု ဆိုလေသည်၊ စွဲအောင် တမာစေးကိုလည်းကောင်း၊ အရောင်တောက်အောင် သည်းခြေကို လည်းကောင်း ရောနှော၍ သုံးစွဲသည်ဟုဆိုလေသည်။ ပုဂံခေတ်ပန်းချီကားများတွင် အပြာရောင် နှင့် အစိမ်း ရောင်

အသုံးနည်း၍ မြေနီရင့်၊မြေနီနု၊ နံ့သာရင့်၊ နံ့သာနု အသုံးများသည်ကို တွေ့ရလေသည်။ ထိုအရောင်လေးမျိုးကို တစ်ခါတစ်ရံ ရှားစေးရောင်နှင့် ယှဉ်၍၊ တစ်ခါတစ်ရံ အဖြူနှင့်တွဲ၍၊ တစ်ခါတစ်ရံ အနက်ခံ၍ ရေးခြယ်ထားသည်မှာ အဆင်ပြေလှပေသည်။ ထိုအရောင်လေးမျိုးသည် ကသိုဏ်းပုဂ္ဂိုလ်တို့နှစ်သက်သော အရောင်ဖြစ်သည်ဟု ယူသင့်လေသည်။ ပထဝီ ကသိုဏ်း၌ ကသိုဏ်းဝန်းကို စီမံရာတွင် နေအရှက်ကဲ့သို့သော မနီလွန်း မဝါလွန်း သော မြေနီရောင်ဖြင့် စီမံရသည်ဟုဆိုလေသည်။ ထိုမနီလွန်း မဝါလွန်းသော အရောင်တွင် ပထဝီကသိုဏ်းစိတ်ကို ရင့်သန်ထွားကျိုင်းစေသောသဘော ပါရှိဟန် တူလေသည်။ ထိုသဘောကို ပုဂံခေတ် ပန်းချီဆရာတို့ သိနားလည်ခြင်း ရှိဟန်ရာသည်။ ရေးဆွဲသော ပန်းချီပုံများမှာ ရတနာသုံးပါးနှင့် စပ်သော ပုံဖြစ်သောကြောင့်လည်း မြေနီနုရင့်၊ နံ့သာနုရင့်တို့ကို (ဝါ) ပထဝီကသိုဏ်းဝန်း အရောင်ကို ပုဂံခေတ် ပန်းချီဆရာတို့ အများအစား သုံးခဲ့သည်ဟု ယူသော် ရသင့်လေသည်။ ပထဝီ ကသိုဏ်းဝန်း၏ အရောင် ကဲမိုး တောက်ပနေသော ဂူဘုရားအတွင်းတွင် ပထဝီကသိုဏ်းပုဂ္ဂိုလ်သည် မိမိ၏ ရှေ့နောက် ထက်အောက် ပတ်ဝန်းကျင်၌ ကသိုဏ်းဝန်းကိုတွေ့မြင်ပြီးသား ဖြစ်နေမည်မှာ မုချဖြစ်လေသည်၊ သာမန်ဘုရားဖူးပုဂ္ဂိုလ်အဖို့မှာလည်း အနီနုရင့် အဝါနုရင့်တို့ အပြေအပြစ် ယှက်လိမ်တောက်ပနေသည်ကို မြင်လျှင် ကြည်ညို နှစ်သိမ့်သောစိတ် ဖြစ်ပေါ်မည်မှာ မုချဖြစ်လေသည်။ စင်စစ်မှာ ဂူဘုရား တန်ဆောင်းများသည် ရဟန်းတော်များ၊ ဘုရားဖူးများ ဘုရားအာရုံပြုရာအဆောက်အဦများ ဖြစ်သဖြင့် ထိုအရောင်တို့ကို ပုဂံခေတ် ပန်းချီဆရာတို့ မြိုင်မြိုင်ဆိုင်ဆိုင် ဝေဝေဆာဆာ သုံးခဲ့ကြသည်မှာသင့်သည်ဟု ဆိုအပ်လေသည်။

တစ်ဖန် ရှေးအိန္ဒိယ ပန်းချီမှာကဲ့သို့ပင် ပုဂံခေတ် ပန်းချီ၌လည်း တစ်ကြောင်းဆွဲမျဉ်း အဆင်ပြေမှုကို ပန်းချီဆရာတို့ အလေးမူကြသည်ဟု ယူဖွယ်ရှိလေသည်။ တစ်ကြောင်းဆွဲမျဉ်း အဆင်ပြေမှု ဆိုသည်မှာ အရုပ်သဏ္ဍာန်တို့၏ ဟန်အမူအရာ တို့ကို ရေးဆွဲရာတွင် တစ်ကြောင်းဆွဲမျဉ်းတို့ကို ယှဉ်၍ ပြိုင်၍ ချီ၍ချ၍ ပြေပြစ်အောင် ရေးဆွဲခြင်းမျိုးကို ဆိုလိုသည်။

ပုံမှာ အပါယ်ရတနာ ဘုရား အတွင်းနံရံရှိ မုခ်ဂ၏ တစ်စိတ် တစ်ပိုင်းကို ပြထားသောပုံဖြစ်သည်။ မုခ်ကုန်းတွင် မုခ်ထွတ်နှင့်တကွ မုခ်ထွတ် ဝဲယာ တွင် အဆောင်တို့ကို (ဝါ) ရာမလက်ညှိုးတို့ကို ပြထားလေသည်။ မုခ်ထွတ် အတွင်းတွင် ကနုတ်ပန်း အခြီအရံနှင့်တကွ သီရိနတ်ရုပ် တင်ပျဉ်ခွေထိုင်နေဟန် ရေးခြယ်ထား၍ ဝဲယာအဆောင်များ အတွင်းတွင် ကနုတ်ပန်းများကို ရေးခြယ်ထားလေသည်၊ ရေးခြယ်ထားပုံတွင် မျဉ်းအယူအဆ အဆင်ပြေနေသည်ကို မြင်နိုင်လေသည်။ မျဉ်းအဆင်းအတက် သဘောကို နတ်ရုပ်၏ လက်နှစ်ဖက် အကျနှင့် ကြာပန်းနှစ်ခိုင် အတက်တို့၌ ပြိုင်၍ ပြထားသည်မှာ နှစ်သက်ဖွယ် ဖြစ်လေသည်။ မျဉ်းအကွေးအကောက် သဘောကို ကြာရိုးတံ၏ အတွင်းယိမ်းဟန် အပြင်ယိုင်ဟန်နှင့် ဝဲယာ အဆောင်တွင်းရှိ ကနုတ်၏ အတွင်းယိမ်းဟန် အပြင်ယိုင်ဟန်တို့၌ ပြိုင်၍ ပြထားသည်မှာလည်း နှစ်သက်ဖွယ်ပင် ဖြစ်လေသည်၊ ထို့နောက် နတ်ရုပ်အထက်တွင် နတ်ရုပ်၏ လက်အကျနှင့် ကြာပွင့်အတက်ကဲ့သို့ပင် မျဉ်းအိမ်ငယ်များ အဆင့်ဆင့် ဖွဲ့ထားသည်မှာလည်း နှစ်သက်ဖွယ်ပင် ဖြစ်လေသည်။ နတ်ရုပ်ပုံ ပြေပြစ်သည်ကို ဝဲယာ ကြားရိုးကြာခိုင်မျဉ်းတို့ဖြင့် ပြထားသည်၊ နတ်ရုပ်ပုံ အဓိက ဖြစ်သည်ကို ဝဲယာ အဆောင် ကနုတ်မျဉ်းတို့ဖြင့် ပြထား

သည်။ နတ်ရုပ်ပုံ ကောင်းကင်၌ တည်နေသည်ကို နတ်ရုပ်ပုံ အထက်တွင် လက်အကျကြာခိုင်အတက် ကဲ့သို့သော အချီအချမျဉ်းဖြင့် ပြထားသည်။ ဤနည်းဖြင့် ပုဂံခေတ် ပန်းချီဆရာသည် မျဉ်းအဆင်ပြေမှုကို ဤပုံတွင် ဖန်တီးခဲ့သည်ဟု ယူသင့်လေသည်။

တစ်ဖန် ရှေးအိန္ဒိယ ပန်းချီမှာ ကဲ့သို့ပင် ပုဂံခေတ် ပန်းချီ၌လည်း ဘုရားပုံ၊ နတ်ပုံတို့ကို ရေးရာတွင် မုဒြာခေါ် ဟန်အမူအရာတို့ကို အလေးမူကြသည်။ အပြုအမူတို့ကို ရေးရာတွင်ကဟန်တို့ကိုအလေးမူကြသည်။ တိမ်တောင်၊ ရေလှိုင်းစသည်တို့ကို ရေးရာတွင် လိုက်နာမြဲ ဖြစ်သော စည်းကမ်းပုံတို့ကို အလေးမူကြသည်။ ဤသို့ယူဖွယ်ရှိလေသည်။

မုဒြာဆိုသည်မှာ ဆိုလိုရင်းအဓိပ္ပာယ်ကို သရုပ်ဖော်ထားသည့် ဟန်အမူအရာမျိုးကို ဆိုလိုသည်။ မြတ်စွာဘုရား၏ လက်ထားဟန်၊ လက်ချောင်းများ ဆိုင်ထားဟန်တို့သည် မြတ်စွာဘုရား ဓမ္မစကြာ ဟောနေကြောင်း ဖော်ပြလိုသောကြောင့် ဖြစ်သည်ဟု ဆိုလေသည်။ ဤပုံကို မြတ်စွာဘုရား ဓမ္မစကြာ ဟောဟန်(၀၁) ဓမ္မစကြာမုဒြာဟု ခေါ်လေသည်။ ဤသို့ဖြင့် မဟာပထဝီ မြေကြီးအား မြတ်စွာဘုရား သက်သေတည်နေသည်ကို သရုပ်ဖော်လိုလျှင် မြေကြီးသို့ သက်ကိုစိုက်၍ ညွှန်ပြနေဟန်ကို ရေးဆွဲတတ်ကြသည်။ ဘူမိပါသမုဒြာဟု ခေါ်လေသည်။ သတ္တဝါခပ်သိမ်းအားမြတ်စွာဘုရား သနားကြင်နာသည်ကို သရုပ်ဖော်လိုလျှင် ရင်၌ လက်တင်ထားဟန်ကို ရေးဆွဲတတ်ကြသည်။ မဟာကရုဏာ မုဒြာဟု ခေါ်လေသည်၊ သံသရာမှလွတ်နိုင်သော တရားကို ပြမည်ဖြစ်၍ ငါ၏ချစ်သား မစိုးရိမ်လင့်ဟု မြတ်စွာဘုရား ဆိုမိန့်နေသည်ကိုသရုပ်ဖော်လိုလျှင် လက်ဝါးပြနေဟန်ကို ရေးဆွဲတတ်ကြသည်။ အဘယမုဒြာဟု ခေါ်လေသည်၊ အခြားမုဒြာများလည်း ရှိသေးသည်။ နတ်နှင့်ဆိုင်သော မုဒြာများလည်းရှိသေးလေသည်။

အရုပ်၏ အပြုအမူကိုကဟန်ဖြင့်ပြတတ်သည်ဆိုခြင်းမှာ ကောင်းကင်၌ ပျံနေခြင်း၊ အသိမ်အမွေ့ အသာအယာ ထိုင်နေခြင်း၊ ပြေးလွှား နေခြင်း၊ တိုက်ခိုက် နေခြင်းစသည်တို့ကို ရေးရာတွင် အက ပညာမှ အတုယူ၍ ရေးခြင်းကိုဆိုလိုသည်၊ ဤတွင် ရှေးပန်းချီဆရာတို့သည် သဘင်ပညာသည်တို့၏ အတတ်ကိုလည်းဂရုပြုမှတ်သား ကြရဟန်တူလေသည်။ အကဟန် အမူ အရာတို့ ကို လေ့လာ၍ မိမိတို့၏ပန်းချီတွင် သင့်တော်သလို သုံးစွဲတတ်ကြသည်ဟု ဆိုရာသည်။

တိမ်တောင်၊ရေလှိုင်းစသောစည်းကမ်းပုံကိုဆွဲရာတွင် လက်ဦးဆရာ တို့သည် ထိုတိမ်တောင်၊ ရေလှိုင်း စသော ပကတိပုံသဏ္ဌာန်တို့ကိုအတုယူ၍မရေးလိုဘဲ၊ မိမိတို့၏ ဉာဏ်၌ ထင်မြင်လာသော ထိုအရာတို့၏ သဘောတို့ကိုသာ ကောက်ယူ ရေးသားကာစည်းကမ်းပြုခဲ့သောပုံတို့ကို ဆိုလိုသည်။ ထိုစည်းကမ်းပုံတို့ကိုနောက်ဆရာတို့က အစဉ်အဆက်လိုက်ကြဟန်တူလေသည်။ တိမ်သည် အဓိကအားဖြင့် အခွေ အလိပ်သဘောရှိသည်၊ လှုပ်ရှား ပျံသန်း နေသောသဘောရှိသည်။

ထိုပုံတွင် နတ်သားနှစ်ပါး၏နောက်ခံ လှောင်ကြောင်းပုံသည် တိမ်ပုံပင် ဖြစ်လေသည်။ တစ်ကြောင်း ဆွဲမျဉ်းဖြင့် တြိဂံသဏ္ဌာန် အရစ်အပိုင်းရေးထား သည်မှာ အခွေ အလိပ်သဘောကိုဖော်ထားသည်ဟု ယူသင့် လေသည်။ ငှက်တောင်ပံ ကဲ့သို့ ထောင့်တန်းရေးသားသည်မှာ လှုပ်ရှား ပျံသန်းနေသော သဘောကို ဖော်ထားသည်ဟုယူသင့်လေသည်။ ပုဂံခေတ်ပန်းချီတွင် ဤတိမ်မျိုးကိုမကြာခဏတွေ့ရတတ်လေသည်။ တောင်ဟုဆိုလျှင်လည်း မတ်စောက်သောသဘော၊ အထပ်ထပ် ရှိသည် ဟူသော

သဘောတို့ကို မြင်နိုင်လေသည်။ ထိုပုံတွင် ဆံကျစ်ရသေ့ နောက်၌ တစ်ကြောင်းဆွဲမျဉ်းဖြင့် အရှည်အမြှောင်း ရေးထား သည်မှာ တောင်၏ မတ်စောက်သော သဘောကို ဖော်ထားသည်ဟု ယူသင့်လေသည်။

ပုဂံခေတ်ပန်းချီတွင် ဤတောင်ပုံမျိုးကို မကြာခဏတွေ့ရတတ်လေသည်၊ ရေလှိုင်းဟုဆိုလျှင်လည်း ကုန်း၍ ကွ၍ တက်နေသောသဘောတို့ကို မြင်နိုင် လေသည်။ ဤပုံသည် သာဝတ္ထိပြည်အနီးတွင်တိတ္ထိတို့သည် မြတ်စွာဘုရားနှင့် တန်ခိုးပြိုင်၍ ရှုံးကြရာ အရှက်ကြီးစွာရသဖြင့် မိမိတို့၏ လည်၌ အိုးစရည်းများကိုဆွဲကာ ရေ၌ ဆင်းသေကြဟန် ရေးထားသော ပုံဖြစ်သည်။ တစ်ကြောင်းဆွဲမျဉ်းဖြင့် ရေပုံးကို မောက်ကာ ဝိုက်ကာ ရေးထားသည်မှာ ရေလှိုင်းတို့ ကုန်း၍ ကွ၍ တက်နေသော သဘောကို ဖော်ထားသည်ဟု ယူသင့်လေသည်၊ ပုဂံခေတ်ပန်းချီတွင် ဤရေလှိုင်းပုံမျိုးကို မကြာခဏ တွေ့ရတတ်လေသည်။ ဆိုခဲ့သောစည်းကမ်းပုံတို့တွင် မျဉ်းအရေးအဆွဲ အနည်းငယ်မျှဖြင့် လိုရင်းသဘောပေါ်အောင်ဖော်နိုင်သည်မှာ ရှေးပန်းချီပညာ၏ ထူးခြားချက်တစ်ရပ် ဖြစ်သည်ဟုဆိုသင့်လေသည်။

ပုဂံခေတ် ပန်းချီသည် ရှင်အရဟံ၊ အနော်ရထာ၊ ကျန်စစ်သား မင်း တို့ ချီးမြှောက်ခဲ့သော ဗုဒ္ဓဘာသာကြောင့် ဖြစ်ပေါ်လာရသည်ဟု ယူသော် ရသင့်လေသည်၊ သို့ရာတွင်ပုဂံခေတ် ပန်းချီကြောင့် ဗုဒ္ဓသာသနာခိုင်မြဲပြန့်ပွားခြင်း ရှိခဲ့သည်ဟုလည်း ယူသင့်လေသည်။ ပုဂံခေတ်တွင် ဗုဒ္ဓသာသနာကိုပြည့်ရှင်မင်းများချီးမြှောက်ကြသည်ကားမှန်၏၊ ပိဋကတ်သုံးပုံရှိသည်ကားမှန်၏။ သို့ရာတွင် မင်းချီးမြှောက်ရုံမျှဖြင့်လည်းကောင်း၊ ပိဋကတ် သင်ကြားပို့ချ ဟောပြောရုံမျှဖြင့် လည်းကောင်း ပုဂံလူထုသို့ အခြေခံ ဘာသာရေးနားလည်မှု အလွယ်တကူ ရောက်နိုင်မည်ဟု မဆိုသာချေ။ ဘုရားရုပ်တုပုံတို့ကို လည်းကောင်း၊ ဗုဒ္ဓဝင်အခန်းခန်းတို့ကို လည်းကောင်း၊ ဇာတ်နိပါတ် အခန်းခန်းတို့ကို လည်းကောင်း မျက်စိဖြင့်မြင်စေ၍ ကြည်ညိုဖွယ်၊ အံ့ဩဖွယ်၊ ထိတ်လန့်ဖွယ်၊ လွမ်းဆွတ်ဖွယ်၊ သနားဖွယ်၊ ရွှင်လန်းဖွယ်ဖြစ်အောင် ဖန်တီးပေးမှသာ ပုဂံလူထုသို့ အခြေခံဘာသာရေး နားလည်မှု အလွယ်တကူရောက်၍ ဘာသာရေး စေတနာ အလွယ်တကူ ပွင့်လန်းနိုင်စေမည်ဖြစ်သည်ဟုယူဆရာသည်။ ပုဂံခေတ် ပန်းချီသည် ထိုကိစ္စကိုဆောင်ရွက်ခဲ့သည်ဟု ဆိုအပ်ပေသတည်း။

ရှုမဝ၊ အတွဲ ၅၊ အမှတ် ၅၀၊
၁၉၅၁ ခုနှစ်၊ ဇူလိုင်လမှ—